http://www.dhammadownload.com

တစ်လတစ်ကြိမ်ထုတ်ဝေပါသည်။

၂၄ အုပ်မြောက်
၂ နှစ်မြည့်

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ
ဝါဝေါင်
စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဓမ္မ ရသ သုတ ရှမ်စုံ မဂ္ဂဇင်း

ဆေးရောင်စုံရုပ်ပြ

No.24 September , 2013

Shwe Moung Colourful Mini Comic

www.facebook.com/ShweMoungComic

ဗုဒ္ဓသာသနာတော်နှစ် ၂၅၅၇
မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် ဝါခေါင်လ/တော်သလင်းလ

ဟီရိ ဩတပ္ပ ဟုသည်

(ဟီရိ အောတပ်ပ ဟု အသံထွက်ရပါမည်)

လူလောကၠ "ဟီရိ" "ဩတပ္ပ" (အရှက်၊အကြောက်)တရား နှစ်ပါးသာ မရှိပါမူ တိရစ္ဆာန် တို့နှင့်မထူးခြားဘဲ မှားချင်တိုင်းမှား၍ မကြားကောင်း မနာသာ ဖြစ်ရာ၏။ ယခုအခါမှာပင် ဟီရိ၊ ဩတပ္ပ ကင်းသူတို့နှင့် ပေါင်းသင်း ဆက်ဆံ၍ နေကြရသဖြင့် အဝတ်အစား အနေအထိုင် အသွားအလာမှစ၍ လျှပ်ပေါလော်လည်ကာ အမြင်မတော်စရာတွေ များလှချေပြီ။ ဤအတိုင်းဆက်သွားလျှင် မကြာခင် အမြီးပေါက်ကြပေလိမ့်မည်။


(မဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသ ၏ ကိုယ်ကျင့်အဘိမန္တာ စာအုပ်မှ)



ပိစိကွေး နှင့် ဘုတ်အိမ် ပါဝင်သည်

စာမူဒီဇိုင်းရေးဆွဲခြင်းကဏ္ဍတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရပါ၍ ရွှေမောင်း--အမှတ်စဉ်(၂၄)ကို ၂၀၁၃-ဩဂုတ်လ တွင် ထုတ်ဝေခြင်းမပြုနိုင်ခဲ့သည်ကို အနှုးအညှတ်တောင်းပန်အပ်ပါသည်။ ထို့ကြောင့် အမှတ်စဉ်(၂၄)ကို ၂၀၁၃-စက်တင်ဘာလ ထုတ်အဖြစ်ထုတ်ဝေဖြန့်ချိလိုက်ရခြင်းဖြစ်ပါသည်။ လပေးမှာယူထားသူများအတွက် အမှတ်စဉ် ပြည့်သည်အထိ ပို့ပေးမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

ထိုကားက ကျောင်းအဆောက်အဦး ရှေ့အရောက်တွင် ကွေ့ကနဲ့ ထိုးရပ်လိုက်ပြီး ကားပေါ်မှ အမျိုးသမီးငယ်တစ်ဦး ဆင်းလာ၏။

ထိုအမျိုးသမီးငယ်၏ ဝတ်စားဆင်ယင်ပုံကလည်း မောင်နှင့်နှမ သားနှင့်အမိ ကြည့်မြင်လို့မှမတော် အလွန် ပင် အရှက်နည်းလှပေရာ--

ကျောင်းအဝင်ဝ၌ သန့်ရှင်းရေး လုပ်ပေးနေသည့် "ပိစိကျော်" တို့၏ ဦးလေး "လေးလေးဝ" က

ဒီက ကလေးမ က ဘာကိစ္စရှိလို့လဲ--ဘယ်ကို သွားချင်လို့လဲ--ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ--ခင်ဗျာ

ထို မိန်းကလေးက လေးလေးဝ ကို တစ်ချက်လှည့်ကြည့်ပြီး--

ပြောရင်းဆိုရင်း--ထိုကလေးမက ဆရာတော်ကြီး သီတင်းသုံးရာ အပေါ်ထပ်ဆီသို့ ခြေလှမ်းနေပြီ။

ဆရာတော်ကြီးဆီသွားမလို့-- ဒက်ဒီနဲ့ မာမီတို့က ဆရာတော်ကြီးအတွက် ဆေး တော့ ပို့ခိုင်းလိုက်လို့ ဝင်ပို့တာရှင့်

ဟိုး---ဟိုး--ခဏ--ခဏလေး နေပါဦး--ကလေးမရယ်--ဦး လေး က ဒီဆရာတော်ကြီးရဲ့ ဝေယျာဝစ္စ လာလုပ်ပေးနေတဲ့ ကပ္ပိယပါ--ဒီက ကလေးမ ဝတ်စားထားပုံနဲ့ ဆရာတော်ကြီးရှေ့ကို မသွားသင့်ဘူးလို့ ထင်ပါတယ်--နော်-- ဦးလေးကပဲ ကလေးမကိုယ်စား ဆရာတော်ကြီးကို ကပ်ပေးပါရစေ--ဗျာ--

အိုး--ဗဲရီးသိုင်းကယူး အန်ကယ်--ရှိစီ က ဒင်နာပုံ(ညစာစားပွဲ)သွားမလို့ ဒက်ဒီနဲ့ မာမီ က ဟောဒီအရှပ်ထုပ်ကြီးကို ဝင်ပေးခဲ့ပါ ဆိုလို့----ဒါဆို--ဒီဆေးတွေ--အန်ကယ့်ကိုပဲ အပ်ခဲ့ပြီ--နော်--မာလာဝံ့ လမ်းက ဒကာကြီး ဒေါက်တာ အောင်သာမြရဲ့ သမီး "ရှိစီ" ဆိုရင်--ဘုန်းဘုန်း သိပါတယ်

http://www.dhammadownload.com

"ရိုစီ" ဆိုသော မိန်းကလေးက သူကားတံခါးကိုဖွင့်ကာ စွေခနဲ ဝင်ထိုင်လိုက်ပြီး--ကားကို တစ်ရှိန်ထိုးမောင်းထွက်သွား လေတော့သည်။

ဂျိုး ဂျိုး ဂျိုး

အင်း--ငါတို့တိုင်းပြည်မှာ ဒီလို--အရက်--အကြောက်--မရိုတဲ့သူတွေ--ဘယ်လောက်တောင် များနေပြီလဲ--တို့ --တိုင်းပြည်ရဲ့အနာဂတ်အတွက် ရင်လေးစရာကြီးပါလား--နော်

ဟုတ်တယ်--ဒကာကြီးရေ-- ကျုပ်တို့တတွေ--ကလေးတွေအတွက် ယဉ်ကျေးလိမ္မာမှုသင်တန်းတွေ တတ်နိုင်သလောက် လုပ်ပေးနေကြတာတောင်-- အခုလို လူတွေကြောင့်-- "ဟီရိ--ဩတပ္ပ" ဆိုတဲ့ "လောကပါလတရား" နှစ်ပါး ပျောက်ကွယ်သွားမှာ-- စိုးရိမ်စရာဖြစ် နေပြီ ထင်ပါရဲ့--

ထိုစဉ်မှာပင်--"ပိစိကွေး" တို့မောင်နှမ က သူတို့အနီးသို့ရောက်လာကြပြီး---


ဘုန်းဘုန်း--ပြောတဲ့-- "လောကပါလတရား" ဆိုတာ--ဘာပါလဲ ဘုရား

ဟော--ငါ့ ဒကာလေးတွေ-- သန့်ရှင်းရေးကုသိုလ်--လုပ်ပြီးလာပြီလား-- ကဲ--လာလာ--အထဲကိုဝင်ကြ--မနက်က လာပို့ထားတဲ့--မုန့်ဟင်းခါးဆွမ်းတွေ-- လာစားကြဦး--ဒကာကြီး--လည်း လာလေ--


တင်ပါ့ဘုရား--


စားပြီးတော့မှ-- ဒကာလေး "ပိစိကွေး" တို့ မေးတာကို--ဘုန်းဘုန်း သေသေချာချာ ရှင်းပြပါ့မယ်--

http://www.dhammadownload.com



http://www.dhammadownload.com





Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com



Sunday, September 08, 2013 11:22:42 PM

http://www.dhammadownload.com



http://www.dhammadownload.com




Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

ဒါနဲ့တင်ဘယ်ပြီးမှာလဲ--အဲဒီအဆောင်က စွန့်ပစ်ထားတာကြာပြီဆိုတော့--ညစ်ပတ်ပေကျံနေလို့ "မုဒုလက္ခဏာ" က အဆောင်ထဲကိုမဝင်ဘူးလေ--ဒီတော့ အဆောင်သန့်ရှင်းရေးလုပ်ဖို့အတွက်--မင်းကြီးဆီသွားပြီး--ပေါက်တူး--တံမြက်စည်း--စတဲ့ လိုအပ်တာတွေကို--တောင်းယူရပြန်တာပေါ့

ရှင်ရသေ့ခမျာ--ခါးတောင်းကို မြောင်နေအောင်ကျိုက်ပြီး--အဆောင်ကိုသန့်ရှင်းရေးလုပ်ရတော့တာပေါ့--သူစွဲလန်းနှစ်သက်ရတဲ့--မုဒုလက္ခဏာနဲ့ အတူနေရဖို့အရေး--ဖြစ်လို့--သူက--မမောနိုင် မပန်းနိုင်--လုပ်နေရတာမဟုတ်လား

ပေတော့မောတော့ပေါ့ ချိုသေးမှုပ်ပေတော့ဟိ..

ဒါပေမယ့်--အဲဒါနဲ့တင်မပြီးသေးဘူးလေ အိပ်ရာ--ကုတင်(သျှောင်စောင်း)၊ သောက်ရေအိုး၊ ချိုးရေအိုး၊ အခင်းကော်ဇော၊ စတဲ့--အိမ်ထောင်တစ်ခုအတွက် လိုအပ်သမျှတွေကို တစ်ခုချင်းစီ--တောင်းဆိုတာကြောင့်--ရှင်ရသေ့ က မင်းကြီးထံသွားပြီး--အခေါက်ခေါက်အခါခါ တောင်းယူရတာ တစ်နေကုန်ပဲဆိုပါတော့

ဒီလိုနဲ့--လိုအပ်သမျှတွေဖြည့်ဆည်းဆောင်ရွက်ပြီးတဲ့အခါ--ညဘက်ကိုရောက်တော့--"မုဒုလက္ခဏာ"နဲ့ --အိပ်ရာကုတင်ထက်မှာ အတူထိုင်မိကြတယ်ဆိုရင်ပဲ--မုဒုလက္ခဏာ က ရှင်ရသေ့ ရဲ့မုတ်ဆိတ်ကို ဆွဲယူလိုက်ပြီး--

ရှင်ရသေ့--ရှင်ဟာ--လူတကာ ရိုသေလေးစားကြည်ညိုရတဲ့--ရှင်ရသေ့တစ်ပါး ဖြစ်ပါလျက် အခုတော့--ရုက်ရကောင်းမှန်းမသိ--ကြောက်ရကောင်းမှန်းမသိ မိုက်မဲလှချည့်လား--

အဲဒီတော့မှ--ရှင်ရသေ့ဟာ-- မုဒုလက္ခဏာ ရဲ့အလှကိုမြင်ပြီး စွဲလန်းနှစ်သက်စိတ်ကြောင့် သူများမယားကို လိုချင်တဲ့ မကောင်းမှု--ကို ပြုရင် ရုက်ရမယ်ဆိုတာ မသိခဲ့ဘူး--အဲဒီမကောင်းမှုကြောင့် ဒီဘဝက သေလွန်တဲ့အခါ ငရဲ၊ပြိတ္တာ၊အသုရကာယ်၊တိရစ္ဆာန် ဘဝတွေရောက်ရမယ့် အရေး မကြောက်ခဲ့ပါလား--လို့--သူပြုနေတဲ့ အမှားတွေအပေါ် အပြစ်မြင်ပြီး

ချက်ခြင်းပဲ--"မုဒုလက္ခဏာ"ကို ရွှေနန်းတော်ဆီခေါ်သွားပြီး မင်းကြီးထံ ပြန်အပ်လိုက်တော့တာပေါ့

http://www.dhammadownload.com



http://www.dhammadownload.com

"အရှက်""အကြောက်"ဆိုတဲ့အဲဒီ "ဟီရိ""ဩတပ္ပ"တရားနှစ်ပါးကို မကျင့်သုံးဘူးဆိုရင် လူတွေဟာ တိရစ္ဆာန်နဲ့ဘာထူးတော့မှာလဲ--အမေ ကိုလည်းမရှောင် နှမ ကိုလည်းမရှောင်၊ သမီးကိုလည်းမရှောင်၊ အဒေါ်ကိုလည်းမရှောင် မယားအဖြစ်ပေါင်းသင်းဖို့ မရက်၊ အကုသိုလ်မကောင်းမှု ပြုရမှာ မကြောက်တတ်ရင် တိရစ္ဆာန်လိုပဲပေါ့

အဲဒီတရားနှစ်ပါးဟာ ဖြူစင်တဲ့တရားအနေနဲ့ လောကကို စောင့်ရှောက်နေတာဖြစ်လို့ "လောကပါလ"တရား လို့လည်းပြောကြတယ်--ဒါတင်မကသေးဘူး-- နတ်တို့ကျင့်သုံးတဲ့တရားဖြစ်လို့ "ဒေဝဓမ္မ" လို့လည်း--ခေါ်ကြသေးတယ်

ဘယ်လိုနတ်တွေ ကျင့်သုံးကြရသလဲဆိုရင်-- (၁)သမ္မုတိဒေဝ(သမ်မုတိဒေဝ) (၂)ဥပပတ္တိဒေဝ(ဥပပတ်တိဒေဝ) (၃)ဝိသုဒ္ဓိဒေဝ(ဝိသုတ်ဓိဒေဝ)--လို့ (၃)မျိုးရှိကြောင်းကို ကေကနိပါတ် "ဒေဝဓမ္မ"ဇာတ်တော်မှာ ဗုဒ္ဓဘုရားရှင်က--ဟောကြား ဆုံးမတော်မူခဲ့တယ်

(၁)သမ္မုတိဒေဝ ဆိုတဲ့ သမ္မုတိနတ်ဆိုတာ--တခြားကို ပြောတာမဟုတ်ဘူး--လူထုကတင်မြှောက်ထားတဲ့--သမ္မတ ဝန်ကြီးချုပ်ကစလို့ တိုင်းပြည်ကိုအုပ်ချုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေအားလုံး၊ လူထုကတင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေ--နိုင်ငံတော်ကပေးတဲ့လစာနဲ့ ဝန်ထမ်းနေကြတဲ့ ပြည်သူဝန်ထမ်းတွေ အားလုံးကို--"သမ္မုတိနတ်"လို့ သတ်မှတ်ပါသတဲ့

ဒါဆိုရင်--တပည့်တော်တို့ကို စာသင်နေတဲ့ ပညာရေးဝန်ထမ်း ဆရာ--ဆရာမတွေလည်း "သမ္မုတိနတ်"စာရင်းဝင်တာပေါ့--ဘုရား


မှန်တာပေါ့--ဒကာလေး"ပိစိကွေး"ရယ်-- အဲဒီပုဂ္ဂိုလ်တွေဟာ--လူထုရဲ့စံပြရှေ့ဆောင်ပုဂ္ဂိုလ်တွေဖြစ်လို့ "ဟီရိ""ဩတပ္ပ"တရားနှစ်ပါးကို အစွမ်းကုန်ထိန်းသိမ်း ကြရမှာဖြစ်ပါတယ်--


ကိုယ့်ကို--လာဘ်ပေးမှ--လုပ်ပေးမယ်ဆိုပြီး အဂတိလိုက်စားတဲ့ဝန်ထမ်းတွေကတော့--"သမ္မုတိနတ်"မဟုတ်ဘဲ အပါယ်သွားရမယ့် လက်မှတ်ကို ကြိုတင် ဘူတ်ကင်လုပ် နေကြသူတွေလို့ မှတ်ထားကြပေါ့

ကိုယ့်ဆီ--ကျူရှင်မတက်တဲ့တပည့်ကို ကျူရှင်တက်တဲ့တပည့်လောက် ဂရုစိုက်ပြီး စာသင်မပေးတဲ့ ဆရာ--ဆရာမတွေဟာ အရှက်၊အကြောက် ကင်းလို့ပဲ ဆိုတာ ငြင်းလို့မရပါဘူး


Cyan Magenta Yellow Black

http://www.dhammadownload.com





http://www.dhammadownload.com




http://www.dhammadownload.com




http://www.dhammadownload.com





Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com



သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ
ရဲတင့်
ဖုန်း ၀၉၅၀၆၀၁၀၇ ။ ၀၉ ၇၃၀၅၄၇၅၉
၀၉ ၄၂၀၀၅၆၁၄၇
Gmail: yemarn.sm@gmail.com
www.facebook.com/ShweMoungComic
e mail: www.shwemoung.com

http://www.dhammadownload.com

"ရွှေမောင်း" ဓမ္မရသသုတ ရုပ်စုံ အမှတ်စဉ်(၁)မှ(၁၂)ထိ ပေါင်းချုပ်စာအုပ်ကိုအလိုရှိပါက
အလိုတော်ပြည့်စေပေ သို့ တိုက်ရိုက်မှာယူနိုင်ပါသည်။
တစ်အုပ်လျှင်(၆၅၀၀ ကျပ်)ဖြင့် (ရန်ကုန်မြို့အတွင်း)အိမ်အရောက် ပို့ဆောင်ပေးပါမည်။



တန်ဖိုး
၆၅၀၀ ကျပ်

ရွှေမောင်း ဓမ္မရသ သုတရုပ်စုံ ၁၂ အုပ် ပေါင်းချုပ်တွင်--ပါဝင်သော စာအုပ်များ

အမှတ်စဉ် (၁) "သြကာသ--ဟူသည်"
အမှတ်စဉ် (၂) "ငရဲ--ဟူသည်"
အမှတ်စဉ် (၃) "ပြိတ္တာ--ဟူသည်"
အမှတ်စဉ် (၄) "ကာယဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၅) "ဝစီဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၆) "မနောဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၇) "ကောသလမင်းကြီး၏အိပ်မက်(၁၆)ချက်"
အမှတ်စဉ် (၈) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ပ)
အမှတ်စဉ် (၉) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ဒု)
အမှတ်စဉ် (၁၀) "နတ်ပြည်(၆)ထပ်--ဟူသည်"
အမှတ်စဉ် (၁၁) "ခင်ပွန်းကြီး(၁၀)ပါး--ဟူသည်"
အမှတ်စဉ် (၁၂) "ငါးပါးသီလ--ဟူသည်"


ရွှေမောင်း အမှတ်စဉ် (၁၃) သြကာလ၊ ၂၀၁၂ "ရတနာသုံးပါး ဂုဏ်တော်များ"
ရွှေမောင်း အမှတ်စဉ် (၁၄) စက်တင်ဘာလ၊ ၂၀၁၂ "မြတ်ဗုဒ္ဓ၏ အောင်ခြင်းရုပ်ပါး" (ပထမပိုင်း)
ရွှေမောင်း အမှတ်စဉ် (၁၅) အောက်တိုဘာလ၊ ၂၀၁၂ "မြတ်ဗုဒ္ဓ၏ အောင်ခြင်းရုပ်ပါး" (ဒုတိယပိုင်း)
ရွှေမောင်း အမှတ်စဉ် (၁၆) နိုဝင်ဘာလ၊ ၂၀၁၂ "ကထိန်"ဟူသည်
ရွှေမောင်း အမှတ်စဉ် (၁၇) ဒီဇင်ဘာလ၊ ၂၀၁၂ "ဘေးဆိုးကင်းလွတ် ပတ္တနိုးရွာ"
ရွှေမောင်း အမှတ်စဉ် (၁၈) ဝန်နဝါရီလ၊ ၂၀၁၃ "စေတီ--ဟူသည်"
ရွှေမောင်း အမှတ်စဉ် (၁၉) ဖေဖော်ဝါရီလ၊ ၂၀၁၃ "ခါန--ဟူသည်"
ရွှေမောင်း အမှတ်စဉ် (၂၀) မတ်လ၊ ၂၀၁၃ "ဗိဘက္ခုဂူ--ဟူသည်"
ရွှေမောင်း အမှတ်စဉ် (၂၁) မေလ၊ ၂၀၁၃ "ရှင်သာမဏေ--ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၂၂) ဇွန်လ၊ ၂၀၁၃ "ဥပသံသီလ--ဟူသည်"
ရွှေမောင်း အမှတ်စဉ် (၂၃) ဇူလိုင်လ၊ ၂၀၁၃ "မြဟ္မနိုရ်တရား(၄)ပါး--ဟူသည်"
ရွှေမောင်း အမှတ်စဉ် (၂၄) စက်တင်ဘာလ၊ ၂၀၁၃ "ဟိရိ-ဩတ္တပ ဟူသည်"



ရှေ့လ
ရွှေမောင်း အမှတ်စဉ် (၂၅)
အောက်တိုဘာလ၊ ၂၀၁၃
မနာလို--ဝန်တို--
ဟူသည်



တန်ဖိုး
၆၅၀၀ကျပ်

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ
အမှတ်စဉ်(၁၃)မှ အမှတ်စဉ်(၂၄)ထိ
အတွဲ(၂) ပေါင်းချုပ်စာအုပ်ကို
မကြာမီထွက်နိုင်အောင်စီစဉ်လျက်ရှိပါသည်။
အတွဲစုံအားလုံးကို ပြန်လည်ပုံနှိပ်ရခြင်း၊
ကပ်ထူဖုံးချုပ်လုပ်ရာတွင် သေသပ်မှု
ခိုင်ခန့်မှုရှိအောင်အချိန်ပေးရခြင်းတို့ကြောင့်
အတွဲ(၂)ပေါင်းချုပ် စာအုပ်ကို
၂၀၁၃၊ အောက်တိုဘာလ တွင်
ပရိသတ်လက်ထဲသို့ရောက်နိုင်အောင်
ကြိုးစားလျက်ရှိကြောင်း သတင်းကောင်း
ပါးအပ်ပါသည်။
စောင်ရေကန့်သတ်ရှိက်နှိပ်ထားခြင်းကြောင့်
ဝယ်ယူလိုသူများအနေဖြင့် မရလိုက်
မရှိရလေအောင် ကြိုတင်ငွေသွင်းလိုပါက
(ရန်ကုန်မြို့တွင်း)အိမ်အရောက်
ငွေကောက်ခံပေးမည် ဖြစ်ပြီး
စာအုပ်ထွက်သည်နှင့် အမြန်ဆုံး ပို့ပေးမည်
ဖြစ်ပါသည်။

အမှတ်စဉ်(၁)မှ ယခုလထုတ်အထိ မှာယူပါက (ရန်ကုန်မြို့တွင်း)
အိမ်အရောက်ပို့ပေးနေပါပြီ။
နယ်မှာယူပါက စာအုပ်ဖိုး ကို ဘဏ်ငွေလွှဲစနစ်ဖြင့် ပို့ပေးရမည်ဖြစ်ပြီး
ကားဂိတ် အရောက်ပို့ပေးပါမည်။ ပို့ဆောင်ခကို မိမိတို့မြို့ရှိ ဆိုင်ရာဂိတ်တွင်
ပေးချေရပါမည်။

၁၂ လစာ(၁၂-အုပ်)အတွက် ၆၀၀၀ ကျပ် ကြိုတင်ငွေသွင်းမှာယူနိုင်ပါသည်

လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက
(ရန်ကုန်မြို့တွင်းသာ) အိမ်အရောက် ငွေကောက်ခံ၍ လစဉ် ပို့ပေးပါမည်။
စာပို့ခများ ဈေးနှုန်းကြီးမြင့်လာမှုကြောင့် နယ်/ရပ်ဝေးသို့ လပေး(စရိတ်ငြိမ်း)မပို့ပေးနိုင်သည့်
အတွက် အနှုံးအညွှတ်တောင်းပန်အပ်ပါသည်။

No.13 to 24
VOLUME 2

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့်
ဈေးနှုန်းလျော့ကာ ရောင်းချပေးလျက်ရှိပါသည်။ စောင်ရေ(၁၀၀)နှင့် အထက်"ဓမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး
(ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများ စောင်ရေ (၁၀၀) အထက်မှာယူလျှင်
ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟို)တာမွေဘဏ်ခွဲ ။ M.O.B (ပန်းဆိုးတန်းဘဏ်ခွဲ၊ တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ။
ကမ္ဘောဇာဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ရိုးမဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား

"အလိုတော်ပြည့်စေပေ" ဦးစိုးပိုင် ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၉၅ ။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၅၅၉ ။ ၀၉ ၄၂၀၀၅၆၁၄၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။
အထူးသတိပြုရန်မှာ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

တန်ဖိုး
၅၀၀ ကျပ်

ပြည်လုံးကျွတ်ဖြန့်ချိရေး(ပင်ရင်း)
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၅၅၉ ။ ၀၉ ၄၂၀၀၅၆၁၄၇

■ တာဝန်ခံအယ်ဒီတာ ဦးစိုးပိုင်(ခ)ပန်းချီရဲမာန်၊ ■ အယ်ဒီတာအဖွဲ့ ဦးသင်းအုန်း ၊ ဦးဝင်းကျော်(စိန္တာမယ)၊ ■ ပန်းချီအယ်ဒီတာ ပန်းချီရဲမာန်၊ ■ ပန်းချီ(တွဲဘက်)အယ်ဒီတာ ကာတွန်းဝင်းဖေ(အဖျောက်)၊
■ ထုတ်ဝေသူ ဦးစိုးပိုင်၊ ၀၄၅၉၇ ၊ ■ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ ဦးမောင်မောင်နိုင်(၀၁၄၈၀)မေဇ္ဈာမိုးပုံနှိပ်တိုက် ■ ၂၀၁၃ ၊ စက်တင်ဘာလ ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။